အောက်ပန်းတုံးကွင်းကျေးရွာ

လပွတ္တာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောက်ပန်းတုံးကွင်းကျေးရွာ၊ လပွတ္တာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ မတ် လ

မာတိကာ

မာတိကာ

စကားချီး

အောက်ပန်းတုံးကွင်းကျေးရွာ သယံဇာတပြဇြေပုံ

အောက်ပန်းတုံးကွင်းကျေးရွာ ရာသီခွင်ပြဇြေပုံ

အောက်ပန်းတုံးကွင်းကျေးရွာ (Venn Diagram) အဖွဲ့အစည်းပြဇြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (၈) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပဏမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ တပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အတွေ့တွေ့အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


မတ် လ ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


အောက်ပန်းတုံးကွင်းကျေးရွာ

လပွတ္တာမြို့နယ်

လပွတ္တာမြို့နယ်၊ အောက်ပန်းတုံးကွင်းကျေးရွာ သယံဇာတအရင်းမြစ် ပြမြေပုံ



လပွတ်ဘာမြို့နယ်၊ အောက်ပန်းတိုးကွင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ(Venn Diagran)



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အောက်ပန်းတုံးကွင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် ပန်းတုံးကွင်းကျေးရွာအုပ်စုတွင်တည်ရှိသည်။ အောက်ပန်းတုံးကွင်းကျေးရွာ၏ ရွာတွင်းလမ်းသည် ကွန်ကရစ်လမ်းများဖြစ်ကြပြီး စုစုပေါင်း လမ်းအရှည် (၁)မိုင်ခန့်ရှည်ပြီး ရွာတွင်းလမ်း(၃)လမ်း ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် အထက်ပန်းတုံးကွင်းကျေးရွာ၊ စက်ကုန်းလေးကျေးရွာ၊ ဥဏ်ကွင်းနှင့်ကံရွာကျေးရွာများရှိကြပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ကျေးရွာအဝင်လမ်းရှိပြီး ၎င်းလမ်းသည် ကျဉ်းမြောင်းသောကြောင့် ဆိုင်ကယ်၊ ထော်လာကျီမှအပ ယာဉ်ကြီးများသွားလာမရပါ။ ၎င်းလမ်းသည် တစ်ဖက်တွင် သောက်ရေအတွက်အားထားရသော ရေတွင်းတောင်ရှိပြီး လပွတ္တာမြို့နှင့် မြောင်းမြမြို့သို့ ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းပေါ်သို့ ရောက်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် ကမ်းနီကျေးရွာ၊ သုံးဘိုကျေးရွာ၊ ကံကော်ကုန်းကျေးရွာသို့ မြစ်ချောင်းခရီးအတိုင်း သွားလာ၍ ရပါသည်။ ကျေးရွာအဝင်/ထွက်လမ်းသည် မြေသားလမ်းဖြစ်ပြီး ပေ(၁၈၅၀)ရှိပြီး မိုးရာသီတွင် ရွံ့ဗွက်အိုင်များပြားခြင်းကြောင့် သွားလာရ အခက်အခဲရှိပါသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် ထိုလမ်းကိုသာ အဓိကထား၍ အသုံးပြုရသော လမ်းဖြစ်သောကြောင့် အဆင့်မြှင့်တင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကြဖြစ်လာပါမည်။ ကျေးရွာ၏ ဘေးပတ်ပတ်လည်သည် ခနိတောများ၊ လယ်ကွင်းများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂·C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဓွန်၊ ဇူလိုင်၊ သြဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိတောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည်။ လယ်ယာမြေများမှ မြေဆီသြဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ကေပေါင်း(၂၀၆)ရှိပြီး တစ်ချို့သောတောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများလုပ်ကိုင်ကြပြီး ဥယျာဉ် ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

၃။ ဖွဲ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော သာရေး/နာရေးလုပ်ငန်းကိစ္စများတွင် ပိုင်းဝန်းဆောင်ရွက်ကြသော လူငယ်ဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့မှာလည်း ဆောင်ရွက်မှုအားကောင်းကြောင်းတွေ့ရှိရပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျောင်းကော်မတီဖွဲ့စည်းထားပါသည်။(ကျေးရွာတွင် သာရေး/နာရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပိုင်းဝန်းဆောင်ရွက်ပေးသော အလေ့ကျင့်ကောင်းများရှိ၍ အဖွဲ့အစည်း(၇)ဖွဲ့အနက်မှ လူငယ်အဖွဲ့သည် ရန်ပုံငွေအနည်းငယ်ရှိပါသည်။(အရန်မီးသတ်တပ်ဖွဲ့တို့မှာ လုံခြုံရေးနှင့်ကာကွယ်ရေး လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် (Pact Myanmar) အဖွဲ့အစည်း။ ဖူလတန်(Fulton) ၊ (Save the children)အဖွဲ့အစည်းများလည်းရှိပါသည်။ ၎င်းပြင်ပအဖွဲ့အစည်းများမှ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်းချေးငွေနှင့် ဆောက်လုပ်ရေး လုပ်ငန်းစသည့် ခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သတ်သည့်များမှာ ကျေးရွာလူထုအတွက် အသင့်အတင့်အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အောက်ပန်းတုံးကွင်းကျေးရွာတွင်(၂.၅) ဧကမှ (၅)ဧကကြား တောင်သူငယ် (၂၈) အိမ်ထောင်စု (၅)ဧကမှ (၁၂.၅)ဧကကြား တောင်သူလတ် (၁၈) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၄) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့်ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေးလုပ်ငန်း ဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလယ်ဧက ပိုင်ဆိုင်မှုမှာ (၂၀၆)ဧကနှင့် ဓနိတောမြေမှာ (၅၂)ဧက ရှိပါသည်။

အောက်ပန်းတုံးကွင်းကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှု အိမ်ထောင် စုမှာ(၅၅.၃၅%) သာရှိပြီး မြေယာမဲ့အိမ်ထောင်စု(၄၄.၆၅%)ခန့်ရှိပါသည်။ ၎င်းတို့မှာ နေ့စားကျပန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်လုပ် ကိုင်ကြသည်ကို

တွေ့ရပါသည်။ကျေးရွာ၏ စပါးစိုက်ဧက (၂၀၆) ဧက အားလုံးအတွက် ရေအရင်း အမြစ်ကို ချောင်းရေမှ အသုံးပြုရပါသည်။ ၎င်းချောင်းရေမှာ ဆောင်းနှင့်နွေရာသီများတွင် ရေငန်ဝင်၍ စိုက်ပျိုးရေအတွက် အသုံးပြု၍ မရပါ။ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးထွက်နှုန်း မှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုပေါ် မူတည်ပြီး ထွက်ရှိပါသည်။ စပါးတစ်ဧက ပျှမ်းမျှထွက်နှုန်းမှာ တင်း(၄၀)ခန့်သာ ထွက်ရှိပါသည်။ လယ်သမားများသည် သွင်းအားစု အနေနှင့် အရင်းအနှီးများပြီး စိုက်ပျိုးသည့်အချိန်ကာလတွင် မိုးနည်းသည့်အတွက် စပါးပင်များ မအောင်မြင်ပြီး သီးနှံထွက်နှုန်းကျသည့်အတွက် အမြတ်ရရှိနိုင်မှု နည်းပါးသည် ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ ပိုင်ဆိုင်မှုအနေဖြင့် အဖွဲ့ပိုင်ဆိုင်မှုအနေဖြင့် ထွန်စက်/ ခြွေလှေ့စက်များကို အချို့လယ်သမားများသည်လည်း လိုအပ်သော စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ငှာရမ်းအသုံးပြု လုပ်ကိုင်ကြပါသည်။ကျေးရွာသည် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ မြောက်များစွာရှိသော်လည်း အဓိကအခက်အခဲများမှာ လုပ်သားရှားပါးခြင်း၊ စက်ယန္တရားများ ပြည့်စုံလုံလောက်စွာ မရှိခြင်း၊ ချေးငွေနှင့် ဝန်ဆောင်မှုကို အချိန်မှီလုံ လောက်စွာ မရရှိခြင်းစသည် အချက်များသည် အဓိကကျသော အဟန့်အတားနှင့် အခက်အခဲများဖြစ်သည်ကို တွေ့ရှိရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁) အိမ်ရှိပြီး နွားကောင်ရေ (၁) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ကြက် (၁၂၅) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ဘဲ (၆၇)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကို စီးပွားဖြစ်အဓိကလုပ်ကိုင်သူများ အနည်းငယ်သာရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် ချောင်းမြောင်းများတွင် ငါးဖမ်းသူများ ရှိကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ လက်သမား၊ ပန်ရံလုပ်ငန်းများ လုပ်ကိုင်

ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့်နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦး ရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ် သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ကေလျှင် (၁၅၀၀၀) ကျပ်နှုန်းဖြင့်ငွေ ထုတ်ချေးပါသည်။ ပဂ္ဂလိကငွေစုငွေချေး အဖွဲ့အစည်းအနေဖြင့် Pact Myanmarအဖွဲ့အစည်းနှင့် ဖူလမ်ဓာန်မြန်မာအဖွဲ့အစည်းများမှ ကျေးရွာသူ/ သားများအား ငွေထုတ်ချေးပေးနေပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီးကျေးရွာတွင် ချေးငွေလိုပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်း ရဲအိမ်ထောင်စုများသည် အခြား ပဂ္ဂလိကများမှ ငွေ(၁၀၀)ကျပ်အပေါ်လျှင် အတိုးနှုန်း (၈ကျပ်မှ ၁၀ကျပ်အထိ)တိုး ယူကြရ ကြောင်း တွေ့ရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကျေးရွာတွင်းလမ်းသည် ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်းခင်း ထားသောကြောင့် အဆင်ပြေနိုင်ပါသည်။ ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပါ သောကြောင့် အရည်အသွေးအားဖြင့်ညံ့နေပြီး ၎င်းလမ်းအား အဆင့်မြှင့်တင်မည် ဆိုပါက ကျေးရွာ၏ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးများ ပိုမိုကောင်းမွန်လာ မည်ဖြစ်ပါသည်။ ကွန်ကရစ်တံတားမှာ အလျား၁၅ပေ၊ အနံ၆ပေ၊ အမြင့် ၃ပေ ရှိပါသည်။ သောက်သုံးရေ

အနေဖြင့် မြေသားရေကန်နှင့် ရေတွင်းများကိုသာ အဓိကထားပြီး အသုံးပြုကြပြီး သောက်သုံးရေအတွက် တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်း၊ ကုန်းလမ်း (၂)မျိုးစလုံး အသုံးပြု၍ ရသော်လည်း ကုန်းလမ်းကိုသာ အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာသယ် ပို့ဆောင်ရေးအတွက် ယာဉ်အသုံးချမှုမှာ လှေသမ္ဘာန် (၄)စင်း၊ စက်လှေ (၅)စင်း၊ စက်ဘီး(၂၈)စီး၊ မော်တော်ဆိုင်ကယ်(၁၂)စီးသာ ရှိပါသည်။ စီးပွားဖြစ် မွေးမြူရေး လုပ်ကိုင်ရန် တိရစ္ဆာန် အစာ၊ မြေနေရာနှင့် သားပေါက်ရရှိမှု ရောင်းချရန်ဈေးကွက်နှင့် အခြားဝန်ဆောင်မှုများ ရရှိနိုင်မှု အခြေအနေမှာ အသင့်အတင့်ကောင်းမွန်လွယ်ကူသည့်အနေ အထားတွင်ရှိသော်လည်း ကုန်ကျစရိတ်နှင့် အသားဈေးမှာ စီးပွားရေးအရ တွက်ချက်ကိုက် ညီမှု မရှိသောကြောင့် တစ်နိုင်တစ်ပိုင်မွေးမြူရေး အဆင့်သာရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

အောက်ပန်းတုံးကွင်းကျေးရွာသည် မဟာဓါတ်အားလိုင်း မရရှိသေးကြောင့် အိမ်ထောင်စုအများစုမှာ ဆိုလာမီးကိုသာ အားလုံးနီးပါး အသုံးပြုကြပါသည်။ တီဗွီကြည့်ခြင်း၊ မီးထွန်းခြင်းလောက်သာ အသုံးပြုနိုင်ပြီး အခြားစက်မှု လုပ်ငန်းများကို ကိုယ်ပိုင်မီးစက်များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်မီးနှင့် မီးသွေးစသည့် လောင်စာများကို အသုံးပြုရပါသည်။ ရွာလုံးကျွတ် လျှပ်စစ်မီးရရှိလျှင် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများအတွက် အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာပါမည်ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အောက်ပန်းတုံးကွင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၂၉) လုံး၊ ရေဒီယို (၇) လုံး၊ တီဗွီ (၁၀) လုံး၊ ဂြိုလ်တုစလောင်း (၉)လုံးစသည် တို့ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာရရှိနိုင် သောပစ္စည်းများအတွက် အသင့်အတင့်ကောင်းမွန်ပါသည်။[၁]

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ကျောင်းသား/သူ မူလတန်းအဆင့်တွင် (၅၁)ဦးနှင့် အလယ်တန်းအဆင့်တွင် (၃၆)ဦးရှိ စုစုပေါင်း(၈၇)ဦး

ရှိပါသည်။ အထက်တန်းပညာရေးကို ရေကြောင်းဆိုင်ရာဖြစ်သော ရှမ်းရေကျော်ကျေးရွာသို့ သွားရောက်သင်ကြားရပါသည်။ ငွေကြေးတက်နိုင်သူ အိမ်ထောင်စုအချို့သည် လပွတ္တာမြို့နှင့် မြောင်းမြမြို့ကြီးများသို့ သွားရောက်သင်ကြားကြပါသည်။ တက္ကသိုလ်/ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။ ကျေးရွာတွင်ရှိ ပညာသင်ယူနေသော ကျောင်းသား/သူများမှာ ကျေးရွာတွင်း အလယ်တန်းကျောင်း ရှိသောကြောင့် အလွန်အဆင်ပါသည်။ ကျေးရွာကျောင်းတွင် မသန်းစွမ်းသူများအတွက် ပညာသင်ကြားရေး အထူးအစီအစဉ်မရှိခြင်း၊ ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာ သုံးစွဲနိုင်မှု ပြည့်စုံမှုမရှိခြင်းမှလွဲ၍ အခြားအခက်အခဲနှင့် ပြဿနာများ မရှိကြောင်း တွေ့ရှိရပါသည်

အောက်ပန်းတုံးကွင်းကျေးရွာ၏ ကျောင်းတက်မှုနှုန်းမှာ မူလတန်းအဆင့်မှ အထက်တန်းအဆင့်ထိ ကျေးရွာတွင်း ကျောင်းရှိသောကြောင့် ကျောင်းနေအရွယ်ကလေး များ၏ ကျောင်းတက်မှုနှုန်းမှာ တိုးတက်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် ပညာရေးနှင့် စာတတ်မြောက်မှုအခြေအနေမှာ တစ်ရွာလုံး အတိုင်းအတာနှင့် သုံးသပ်ပါက ပညာရေး ဝန်ထမ်းများ ပြည့်စုံစွာရှိခြင်း ရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများနှင့် ကျောင်းသာမိဘများ၏ ပညာရေးအားပေးအား မြောက်မှုရှိခြင်းတို့ကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေနှင့် တတ်မြောက်မှုမှာ ကောင်းမွန်လာသော အခြေအနေရှိကြောင်း တွေ့ရှိရပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အောက်ပန်းတုံးကွင်းကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာနရှိ၍ ရာသီအလိုက် အဖျား ရောဂါများကို ပြဿနာရပြီး အရေးပေါ်လူနာများ အတွက် (၂၀)မိုင် ဝေးသော လပွတ္တာမြို့နယ်သို့ သွားရောက်ကုသရပါသည်။ (ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကျန်းမာရေး ပညာပေးအစီအစဉ် အခန်းများကိုလည်း လအလိုက် ပုံမှန်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရပါသည်။) သို့ရာတွင် အရေးပေါ်ကိစ္စများ အသုံးပြုရန် ကျေးရွာပိုင် အရေးပေါ်ကား မရှိသည့်အတွက် မြို့နယ်ဆေးရုံများသို့ အရေးပေါ်ပို့ဆောင်ပေးရမည့် လူနာများအတွက် အခက်အခဲများစွာရှိပါသည်။ အရေးပေါ်လူနာများအတွက် ကုန်မိုင် (၂၀)မိုင်ဝေးသော လပွတ္တာမြို့နယ်သို့ သွားရောက် ကုသရပါသည်။ ကျေးရွာ၏ ကျန်းမာရေး

အခြေအနေမှာ တခါတရံ ရာသီဥတု အပြောင်းအလဲကြောင့် ရာသီဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာအတွင်းရှိ (၂)လမှ (၁၈)လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေး လာရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြားချက်အတိုင်း အချိန်မှန်ထိုးနှံပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက် ဝမ်းလျှောရောဂါများကို နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်၍ ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာကျန်းမာ သန်စွမ်းကြပါသည်။ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါ သည်။

အောက်ပန်းတုံးကွင်းကျေးရွာသည် အိမ်ထောင်စု(၁၁၂)ရှိပြီး သန့်ရှင်းသော အိမ်သာသုံး အိမ်ထောင်စု (၁၁၀)လုံးရှိပါသည်။ တွင်းမရှိအိမ်သာ(၂)လုံးတို့သည် မြစ်ကမ်းဘေး အိမ်များဖြစ်ကြပါသည်။ ။ ကျေးရွာသည် အိမ်သာနှင့်ပတ်သက်သည့် ကျန်းမာရေးကဏ္ဍများတွင် ဗဟုသုတများ ရှိကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြှပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ခါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများ ပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီးဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။ (လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုများဖြင့် အမှိုက်စီမံခန့်ခွဲမှုစနစ်များအား ကျေးရွာသူ/သားများ၏ စနစ်တကျစွန့်ပစ်တတ်ရန်အတွက် ပညာပေးဟောပြောထားပြီး အမှိုက် ကင်းစင်ကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။)

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် လူဦးရေးအား‌ဖြင့် (ကျား-၁၈၈ ဦး၊ မ-၂၁၀ ဦး) ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၁၄၉)ဦး၊ မ (၁၄၄) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၂.၃၅%) ရှိပါသည်။ ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့်လပြတ် စသည့်လုပ်သားများ ငှားရမ်းလုပ် ဆောင်ကြပါသည်။ တစ်ရက်လျှင် လုပ်အားခ အများဆုံးနှုန်းမှာ ငွေကျပ်(၄၀၀၀ မှ ၅၀၀၀ ထိ) နေ့စားခ ရရှိ၍ ရေလုပ်ငန်းများမှာ ငွေကျပ်(၇၀၀၀ ထိ) ရရှိနိုင်သော်လည်း အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှာ အလုပ်လက်မဲ့ ကျပန်း အလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရလုပ်ငန်းမှာ အလွန်းနည်းပါးကြပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့် ရေးရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မတန်းတူ အခွင့်အရေး ရှိပါသည်။

၁၀။ အောက်ပန်းတုံးကွင်းကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	အခြေခံအဆောက်အဦ	ရွာဝင်ကွန်ကရစ်လမ်းရရှိရေးစီမံချက်	၁
၂	အခြေခံအဆောက်အဦ	ရွာတွင်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ရေး စီမံချက်	၂
၃	လျှပ်စစ်	ဆိုလာမီးလင်းရေးရရှိရေးစီမံချက်	၃
၄	အခြေခံအဆောက်အဦ	ဆိပ်ကမ်းကပ်တံတားရရှိရေး စီမံချက်	၄
၅	ကျန်းမာရေး	လူမှုရေးအများအသုံးပြုယာဉ် ရရှိရေး စီမံချက်	၅

အပိုင်း (၁)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

ကျေးရွာ	- အောက်ပန်းတုံးကွင်း
ကျေးရွာအုပ်စု	- ပန်းတုံးကွင်း
မြို့နယ်	- လပွတ္တာ
တိုင်းဒေသကြီး / ပြည်နယ်	- ဧရာဝတီ
စီမံချက်အမည် - အပေါ်ပိုင်း (၁) လမ်း (၁၁၂၀' × ၅' × ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ယခုလက်ရှိ အပေါ်ပိုင်း (၁) လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့် အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။ • ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား ကျောင်းပြန် အခက်အခဲများ ရှိပါသည်။ • ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။ • သံဃာတော်များ ဆွမ်းခံကြွချိန်တွင် လမ်းအခြေအနေ ဆိုးဝါးစွာ ဗွက်များ၊ ချိုင့်များ ဖြစ်ပေါ်နေသော ကြောင့် ဆွမ်းခံကြွရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊ • ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊ • ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊ • သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • လမ်းခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။ • ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့်	

ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတတ်မြောက်သူဦးရေ များလာမည်။

- ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် ဖြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။
- သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံကြွနိုင် မည်။
- ထို့အပြင်နွေရာသီမီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါလမ်းကောင်းနေသောကြောင့်အချိန်မီ တားဆီးနိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• ၁,၀၀၀,၀၀၀ (ငွေသား)	• ကျေးရွာ
• ၁,၀၀၀,၀၀၀ (လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၈၈	၂၁၀	၄၀၅	၂၀	၃၀	၃၀	၃၂	၁၁၂
အကျိုးခံစားမည့်သူ ဦးရေ	၁၈၈	၂၁၀	၄၀၅	၂၀	၃၀	၃၀	၃၂	၁၁၂
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- အောက်ပန်းတုံးကွင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၀ ခုနှစ်၊ မတ်လ ၂၃ ရက်

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀ ခုနှစ်၊ ဧပြီလ ၃၀ ရက်

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- အောက်ပန်းတုံးကွင်းကျေးရွာ အပေါ်ပိုင်း (၁) လမ်းအား ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့်ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူရွာသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

အောက်ပန်းတုံးကွင်းကျေးရွာ၊ပန်းတုံးကွင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်အောင်	ဦးစောမောင်	၁၄/မမန(နိုင်)၀၅၉၀၀၈	၆၀	ဥက္ကဋ္ဌ	၀၉-၂၆၂၆၅၆၁၆၆
၂	ဦးထွန်းထွန်း(၂)	ဦးဘန်ဒု	၁၄/မမန(နိုင်)၂၁၀၉၀၇	၄၂	အတွင်းရေးမှူး	၀၉-၄၅၆၉၂၂၅၁၀
၃	ဦးတင့်လွင်	ဦးတင်ရွှေ	၁၄/မမန(နိုင်)၀၅၉၈၂၄	၅၂	ဘဏ္ဍာရေးမှူး	၀၉-၄၀၂၁၃၅၇၆
၄	ဒေါ်နှင်းကေသွယ်	ဦးသန်းမြင့်	၁၄/မမန(နိုင်)၁၈၁၉၆၁	၃၄	စာရင်းကိုင်	၀၉-၄၅၆၉၃၉၇၆၃
၅	ဒေါ်အေးလှ	ဦးလှကြည်	၁၄/လပတ(နိုင်)၂၀၅၃၇၄	၃၄	အဖွဲ့ဝင်	
၆	ဦးလှကြည်	ဦးထွေး		၆၅	အဖွဲ့ဝင်	၀၉-၄၄၇၇၄၃၃၆၁
၇	ဦးထွန်းထွန်း(၁)	ဦးအုန်းစိန်	၁၄/မမန(နိုင်)၀၆၀၇၄၁	၄၅	အဖွဲ့ဝင်	၀၉-၄၄၇၉၂၉၀၇၁
၈	ဒေါ်ခင်သန့်ဇင်	ဦးစိန်မောင်	၁၄/မမန(နိုင်)၂၁၁၀၅၁	၄၃	အဖွဲ့ဝင်	၀၉-၆၈၆၅၃၃၁၄၇
၉	ဒေါ်သက်မာချို	ဦးအောင်ဖြိုး	၁၄/မမန(နိုင်)၁၈၃၁၂၉	၃၄	အဖွဲ့ဝင်	၀၉-၄၅၅၈၁၀၆၆၈
	ဒေါ်လှလှခိုင်	ဦးမောင်မောင်စိန်	၁၄/မမန(နိုင်)၀၅၃၅၂၂၅	၃၇	အဖွဲ့ဝင်	၀၉-၄၅၃၅၆၄၄၀၇၃

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၂	၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၉	၁၂	၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၀	၂၂	၃၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၂	၂၂	၄၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၉	၁၄၄	၂၉၃
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂	၁၀	၁၂
စုစုပေါင်း		၁၈၈	၂၁၀	၄၀၅
စုစုပေါင်း အိမ်ထောင်စု		၁၁၂		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အောက်ပန်းတုံးကွင်းကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပြီး အိမ်ထောင်စုအားဖြင့် (၁၁၂)စုရှိပြီး လူဦးရေအားဖြင့်(၄၀၅)ဦး ရှိပါသည်။ ကျေးရွာသည် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့ အရွယ်(၀.၇၄%) ၅နှစ်အောက်ကလေးငယ် (၅.၂%)၊ မူလတန်းကျောင်းသားအရွယ်(၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၀.၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၂.၃၅%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၃%) ရှိပါသည်။ ပျမ်းမျအားဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၇.၆၅%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၁၈၈)ဦး၊ မ (၂၁၀) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၂.၃၅%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ထောက်ပံမှု ပေးနိုင်ပါသည်။

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ကျွမ်းကျင်ပညာရှင်များ (ဆေးပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း	၃	၁		မြင့်□လတ်□နိမ့်■
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၅	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ပညာရေး				
၁၇	ကိုယ်ပိုင် လုပ်ငန်း	၂	၁	၂	မြင့်□လတ်■နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	လူမှုရေး လုပ်ငန်းများ				
၁၉	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
နိုက်ပျိုးစီးပွား လုပ်ငန်းများ					
	လယ်ယာစိုက်ပျိုးရေး				
၁	ကိုယ်ပိုင် လုပ်ငန်း	၁၈	၁၂		မြင့်■လတ် □နိမ့်□
	အလုပ်သမား / ဝန်ထမ်း			၃၀	မြင့်□လတ်□နိမ့်■
	တိရစ္ဆာန် မွေးမြူရေး				
၂	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၁	မြင့်□လတ်■နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	သစ်တောလုပ်ငန်				
၄	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
နိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ် □ နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆၆		၁၀၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂၆	၁၆	၃၄	မြင့်□လတ်■နိမ့်□
	စုစုပေါင်း	**၉၀**	**၃၂**	**၁၁၀**	☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု"မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အများဆုံးလုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေရရှိသူများ ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စုဝင်များနှင့် အခြားဝင်ငွေရ လုပ်ကိုင်သူ အိမ်ထောင်စုဝင်များ အားလုံး၏ အလုပ်အကိုင်အခွင့်အလမ်း အလားလာအနေအထားမှာ အသင့်အတင့်အဆင့်တွင်သာ ရှိသည်ကို တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်	နေ့စား	၅၀၀၀		၄၀၀၀	

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ငါးဖမ်းခြင်း၊ မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်ကို တွေ့ရှိပါသည်။ ကျေးရွာမှာ အလုပ်အကိုင်အခွင့်အလမ်း တိရစ္ဆာန်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ပန်းရံလုပ်ငန်းများ (၃)မျိုးကိုသာ လုပ်ကိုင်နိုင်ပြီး အချိန်ကာလအားဖြင့်လည်း တစ်နှစ်ပတ်လုံးအစဉ်မပျက် လုပ်ကိုင်နေရခြင်းမျိုး မဟုတ်ပဲ လုပ်ငန်းရာသီချိန်အတွင်းလုပ်ကိုင်ရသည့် အလုပ်များသာ ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် အမျိုးသားနှင့် အမျိုးသမီးများပါ လုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းများမှာ အမျိုးသားများသာ လုပ်ကိုင်ပြီး အမျိုးသမီးများမှာ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၀၆	ကောင်း ☐	သင့် ■	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဓနိတောမြေ	၅၂	ကောင်း ☐	သင့် ■	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	**၂၅၈**	☒		

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလယ်ကေ ပိုင်ဆိုင်မှုမှာ (၂၀၆)ဧကနှင့် ဓနိတောမြေမှာ(၅၂)ဧကေ ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ■	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ■
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်■ နည်း☐ မရှိ☐	လွယ်■ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ■သင့်☐ နည်း☐ မရှိ☐	လွယ်■ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်■ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ပေးနှုန်းခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများမရှိသည့် အတွက် ၎င်းတို့နှင့် ပတ်သတ်ဆက်နွယ်သော လုပ်ငန်းများ အသုံးပြုလုပ်ကိုင်ခြင်း မရှိပါ။ လမ်းခင်းကျောက်များအား အလွယ်တကူဝယ်ယူနိုင်ပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနေနှင့်ငှက်မျိုးများ၊ ရေချိုငါးမျိုးစိတ်များအနည်းအကျဉ်းစီရှိသည်ကို တွေ့ရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ ဧက အထက်	၅ ဧကမှ ၂၀ဧကအောက်	၅ဧက အောက်	မြေယာမဲ့
အိမ်အခြေအနေ	ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး	ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး	ပျဉ်ခင်း၊ ဓနိမိုး/ကာ	ဝါးအိမ်၊ ဓနိမိုး/ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်၊ စက်လှေ၊ လှေ	ဆိုင်ကယ်၊ လှေ	ဆိုင်ကယ်၊	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ဓနိ၊ လယ်၊ ဥယျာဉ်	မွေးမြူရေး ဥယျာဉ်ခြံ	ကျပန်း	နေ့စားလုပ်သား
အိမ်ထောင်စု	၂၀	၃၀	၃၀	၃၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၁၁၂)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၁၇.၈၅%)မှာ ဝင်ငွေကောင်းသော စိုက်ပျိုး ရေးလုပ်ငန်းနှင့် ဥယျာဉ် လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၂၆.၇၈%)မှာဝင်ငွေ အသင့် အတင့်ရသော မွေးမြူရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၂၆.၇၈%)မှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများနှင့် ကျပန်းဝင်ငွေရလုပ်ငန်းများ အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၂၈.၆%)မှာ လယ်ယာမဲ့များဖြစ်ကြပြီး ကောက်စိုက် ၊ ပျိုးနုတ် စသည့်ရာသီ အလိုက် ကြုံရာကျပန်း လုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။

အဆင်ပြေသောအိမ်ထောင်စုအရေအတွက် နည်းပါးပြီး အများစုမှာ အဆင်မပြေသော အိမ်ထောင်စုများနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အလုပ်အကိုင်

အခွင့်အလမ်းနည်းပါးခြင်း လူမှုရေးစရိတ်များ၊ ပညာရေးအသုံးစရိတ်များတိုးတက် မြင့်မား သလောက် လုပ်အားခနှင့် ဝင်ငွေများမှာ အဆင်ပြေလောက်အောင် တိုးတက်မရရှိခြင်းတို့ ကြောင့် အိမ်ထောင်စုများ၏ ဥစ္စာဓန ကွာခြားမှုအခြေအနေ ကြီးမားပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်		၂	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၂)ဦး တွေ့ရှိရပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု မှာ(၅)ဦး ရှိပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများ၏ လူမှုရေးလုပ်ငန်း ဆောင်ရွက်မှုအားကောင်းခြင်းတို့ကြောင့် ၎င်းတို့၏ ထိခိုက်လွယ်မှု အခြေအနေမှာ စိုးရိမ်စရာမရှိသည့် အနေအထား ဖြစ်ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဧယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် □နိမ့်■မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ်□နိမ့်■မရှိ □
၃	ရေကြီးခြင်း	မြင့် □လတ် □နိမ့်■မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □လတ် □နိမ့်■မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □နိမ့်■မရှိ □
၆	မုန်တိုင်း	မြင့် □လတ် ■နိမ့်□မရှိ □
၇	ငလျင်	မြင့် □လတ် □နိမ့်■မရှိ □
၈	မီးဘေး	မြင့် □လတ် □နိမ့်■မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်□မရှိ ■
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် □နိမ့်■မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □လတ် □နိမ့်■မရှိ □
၁၂	၄က်ဖျားရောဂါ	မြင့် □လတ် □နိမ့်■မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်■မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်□မရှိ ■
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့်□မရှိ ■
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် □နိမ့်■မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့်□မရှိ ■
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □လတ် □နိမ့်■မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေဆီလွှာပျက်ဆီးမှုအနည်းငယ် တွေ့ကြုံရပါသည်။ ကိုယ်ခံအားကျဆင်းမှုရောဂါများ မရှိပါ။ ကျေးရွာ၏ ထိခိုက်လွယ်မှုအခြေအနေမှာ ကြီးကြီးမားမား မဖြစ်နိုင်၍ စိုးရိမ်ရသည့် အနေအထား မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်■မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ■လတ် □နိမ့်□မရှိ □
၃	ဆင်းရဲသားတောင်သူ	မြင့်■လတ် □နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ■လတ် □နိမ့်□မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ■လတ် □နိမ့်□မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် ■နိမ့်□မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ■
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် ■နိမ့်□မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ■
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်■လတ် □နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်□မရှိ■
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်■မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်■မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လူငယ်များအနေဖြင့် ၄င်္ဂျားရောဂါနှင့် တီဘီရောဂါ ထိခိုက်သက်ရောက်မှု အနည်းငယ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှု မရှိနိုင်ပါ။ တိရစ္ဆာန်မွေးမြူသူများသည် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုအားများသောအားဖြင့် အနည်းငယ်သာဖြစ်ပွားပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အမျိုးသမီး ရေးရာအဖွဲ့	၁□ ၂■ ၃□		၅	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး■ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း ■ သင့် □ ညံ့ □
၂	ဂေါပက	၁□ ၂■ ၃□	၆		၆	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ■ ညံ့ □
၃	အရန်မီးသတ်	၁□ ၂■၃□	၈		၈	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး■	ကောင်း □ သင့် ■ ညံ့ □
၄	ကျောင်း ကော်မတီ	၁□ ၂■ ၃□	၅	၄	၉	ပညာရေး■ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ■ ညံ့ □
၅	ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ	၁□ ၂■ ၃□	၆	၅	၁၁	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ■ ညံ့ □
၆	ကျန်းမာရေး အဖွဲ့	၁□ ၂■ ၃□	၅	၄	၉	ပညာရေး□ငွေကြေး□ ကျန်းမာရေး■ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □	ကောင်း □ သင့် ■ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး□	
၇	နာရေးကူညီမှုအသင်း	၁□ ၂■ ၃□	၅	၄	၉	ပညာရေး□ငွေကြေး□ ကျန်းမာရေး■ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ■ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အုပ်ချုပ်ရေးဝိုင်းတွင် ပိုဖြိုးအားကောင်း၍ အခြားအဖွဲ့အစည်းများမှာလည်း ၎င်းတို့နှင့်သက်ဆိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင် ရွက်ကြပါသည်။ ဓမ္မစကူးဖောင်ဒေးရှင်း အဖွဲ့များလည်း ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁□ ၂■ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး■ ကျန်းမာရေး■ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ■ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	save the Children	၁□ ၂■ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး■ ကျန်းမာရေး■ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ■ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃	ဖူလတန်	၁□ ၂■ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး■ ကျန်းမာရေး■ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ■

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -မမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်းချေးငွေနှင့် ဆောက်လုပ်ရေး လုပ်ငန်း စသည် ခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သတ် သည့်များမှာ ကျေးရွာလူထုအတွက် အသင့်အတင့်အဆင် ပြေကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်		ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၈	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၈	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၁၂	☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှု အိမ်ထောင်စုမှာ(၅၅.၃၅%) သာရှိပြီး မြေယာမဲ့အိမ်ထောင်စု(၄၄.၆၅%)ခန့်ရှိပါသည်။ ၎င်းတို့မှာ နေ့စားကျပန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်လုပ် ကိုင်ကြ သည်ကို တွေ့ရပါသည်။

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၅	အဝိစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၆	လက်င်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ	၂၀၆	တစ်နှစ်ပတ်လုံး□ရာသီအလိုက်■ မဖြေဆိုပါ□	ရှိ□ မရ■ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စပါးစိုက်ဧက (၂၀၆) ဧက အားလုံးအတွက် ရေအရင်း အမြစ်ကို ချောင်းရေမှ အသုံးပြုရပါသည်။ ၎င်းချောင်းရေမှာ ဆောင်းနှင့်နွေရာသီများတွင် ရေနှံ့ဝင်၍ စိုက်ပျိုးရေအတွက် အသုံးပြု၍ မရပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်းမျှ	မှ	ထိ		
စပါး	၂၀၆	တင်း	၃၀	၅၀	၄၀	ဝါဆို	တန်းဆောင် မုန်း	မြင့်■လတ်□နိမ့်□	မြင့်□လတ်□နိမ့်■
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုပေါ် မူတည်ပြီး ထွက်ရှိပါသည်။ စပါးတစ်ကေ ပျှမ်းမျှထွက်နှုန်းမှာ တင်း(၄၀)ခန့်သာ ထွက်ရှိပါသည်။ လယ်သမားများသည် သွင်းအားစုအနေနှင့် အရင်းအနှီးများပြီး စိုက်ပျိုးသည့်အချိန်ကာလတွင် မိုးနည်းသည့်အတွက် စပါးပင်များ မအောင်မြင်ပြီး သီးနှံထွက်နှုန်းကျသည့်အတွက် အမြတ်ရရှိနိုင်မှု နည်းပါသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄) ·လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်			၁	၄၀
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြေလှေ့စက်				
ရိတ်သိမ်းစက်			၁	

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော ကောင်သူအရေအတွက်
ခြွေလှေစက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ပိုင်ဆိုင်မှုအနေဖြင့် အဖွဲ့ပိုင်ဆိုင်မှုအနေဖြင့် ထွန်စက်/ခြွေလှေစက်များကို အချို့လယ်သမားများသည်လည်း လိုအပ်သော စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ငှာရမ်းအသုံးပြု လုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ■ မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ■ မဖြေဆိုပါ□
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ■မဖြေဆိုပါ□
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ ရသည်■မဖြေဆိုပါ□
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်□ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်■မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည■မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်■မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်■မဖြေဆိုပါ □
နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်■မဖြေဆိုပါ □
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်□ သီးနှံများကို ရောင်းချနိုင်သည်■မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာဖြို့နယ်အဆိုးရွားဆုံးဒေသများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် သဘာဝရေမြေ ရာသီဥတုနှင့် လယ်ယာမြေ အသုံးချနိုင်မှုသည် အသင့်အတင့်မျှတမှုရှိပါသည်။ ပြင်ပချေးငွေ အဖွဲ့အစည်းများရှိသော်လည်း ငွေကြေးမှာ လိုသလောက် မရရှိနိုင်သောကြောင့် သီးနှံမျိုးစေ့များ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာ နှင့် အခြားအော်ဂဲနစ် သွင်းအားစုများအား ဝယ်ယူရရှိနိုင်သော်လည်း တခါတရံ တောင်သူများ၏ ငွေကြေးအခက်အခဲကြောင့် အလွယ်အတကူ မဝယ်ယူနိုင်ပါ။ ဈေးကွက်နှင့် ကုန်သွယ်မှုမှာလည်း ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်သည့်အတွက် တောင်သူလယ်သမားများမှာ နစ်နာမှုများရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

